## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၂)
# ကျွန်ုပ်တို့သည်သမ္မာကျမ်းစာ၌ယုံကြည်စိတ်ချနိုင်သည်

နာမည်ကြီးတော်လှန်သောသင်္ဘောသားသည် အင်္ဂလိပ်သင်္ဘော "ဘောင်တီ" ကိုမြှုပ်ပစ်၍ ပစိဖိတ်တောင်ဘက်ကျွန်းငယ်ဖြစ်သော ပီကိန်းကျွန်းတွင်နယ်ခံတိုင်းရင်းအမျိုးသမီးများနှင့်နေထိုင်ခဲ့ရသည်။ ၎င်းသင်္ဘောသားများအဖွဲ့တွင် အင်္ဂလိပ်လူမျိုးအမျိုးသား (၉) ဦး၊ တဟိတ်တိကျွန်းသားအမျိုးသား (၆) ဦး၊ တဟိတ်တိအမျိုးသမီး (၁၀) ဦးနှင့် (၁၅) နှစ်ခန့်အရွယ်အမျိုးသမီးငယ်တစ်ဦးပါဝင်သည်။ ၎င်းသင်္ဘောသားများထဲတွင် တစ်ဦးသည်အရက်ချက်တတ်သည်။ မကြာမီမှာပင် ကျွန်းငယ်ရှိလူစုသည်မူးယစ်ဖေါက်ပြန်လာ၍ တစ်ဦးပေါ်တစ်ဦးရက်စက်ကြမ်းတမ်းစွာဆက်ဆံလာမှုကြောင့်မူရင်းအမျိုးသားများထဲမှတစ်ဦးသာကျန်ရစ်တော့သည်။ အီလက်ဇင်းဒါးစမစ်သင်္ဘောပျက်စဉ်က ဆယ်ယူရရှိလာသောသေတ္တာထဲမှ သမ္မာကျမ်းစာအုပ်တစ်အုပ်ကိုတွေ့ရှိလေ့လာဖတ်ရှုသောအခါ မိမိအသက်တာပြောင်းလဲလာရုံမျှမက ကျွန်းသူကျွန်းသားများအားလုံးတို့၏အကျင့်စလေ့များပါပြောင်းလဲလာတော့သည်။

ကျွန်းသူကျွန်းသားများသည် အခြားကမ္ဘာနှင့်လုံးလုံးအဆက်ပြတ်ခဲ့သော်လည်း ၁၈၀၈ ခုနှစ်အမေရိကန်သင်္ဘောတိုပက်စ်ရောက်ရှိလာသောအခါ ကျွန်းသူကျွန်းသားများတို့၏အနေအထိုင်တိုးတက်ကြီးပွားလာသည်ကိုတွေ့ရုံမျှမကဘဲ ထောင်မရှိ၊ အရက်မရှိ၊ ရာဇဝတ်ပြစ်မှုများလုံးဝမရှိကြောင်းတွေ့ရှိခဲ့ပါသည်။ သမ္မာကျမ်းစာတော်မြတ်သည် ထိုကျွန်းသားတို့၏ကျင့်ဝတ်ကိုပြုပြင်ပြောင်းလဲပေးခဲ့ကြောင်း သက်သေသာဓကအနေဖြင့်သိမြင်ခဲ့ရပေသည်။ ယနေ့အထိလည်း ထိုကျွန်းသားတို့သည် မိမိအကျင့်ကောင်းများကိုထိန်းသိမ်းဆဲဖြစ်ကြောင်းသိရှိနားလည်ရပါသည်။

ယနေ့၌အချိန်အခါ၌ ထာဝရဘုရားသခင်သည် မိမိသမ္မာကျမ်းစာတော်မြတ်မှလူများတို့အားသွန်သင်ဆုံးမထိန်းကျောင်းနေတော်မူကြောင်းသိရပါသည်။ ယနေ့၌သင်ခန်းစာကိုရေးနေစဉ် ကျမ်းစာသင်တန်းမှအဖြေလွှာ၏အောက်ဘက်မှတ်ချက်တစ်ခုတွင် အောက်ပါအတိုင်းဖေါ်ပြထားပါသည်။ "ကျွန်တော်သည် ထောင်သားတစ်ဦးဖြစ်ပါသည်။ သေစားသေရမည့်အခန်းတွင်ရှိပါသည်။ ကျွန်တော့်အပြစ်ကြောင့် သေဖို့ရန်ဆုံးဖြတ်ထားပါသည်။ ကျွန်တော်၌ကျမ်းစာသင်ခန်းစာမယူမီ ကျွန်တော်သည်ပျောက်ဆုံးနေသူပမာဖြစ်နေပါသည်။ ယခုမူကား ရှေ့ဆက်ကြည့်ရှုမျှော်လင့်ရန်နှင့် မေတ္တာအသစ်အဆန်းကိုတွေ့ခဲ့ရပါသည်။

သမ္မာကျမ်းစာတော်မြတ်တွင် ဇေကန်အမှန်လူ့အကျင့်နှင့်ဘဝအသက်တာကိုပြုပြင်နိုင်ကြောင်းသိရပါသည်။ သမ္မာကျမ်းစာတော်မြတ်ကိုဖတ်ရှုလေ့လာပါက လူ၏အကျင့်စလေ့နှင့်အသက်တာကိုပြုပြင်ပြောင်းလဲနိုင်ပါသည်။

## ၁။ သမ္မာကျမ်းစာအားဖြင့် ထာဝရဘုရားသခင်သည်ကျွန်ုပ်တို့အား မည်ကဲ့သို့ဆက်သွယ်ပြောဆိုပါသနည်း

အာဒံနှင့်ဧဝသည် ဖန်ဆင်းပြီးသောအခါ ထာဝရဘုရားသခင်သည်လူသားများနှင့်မျက်နှာချင်းဆိုင်ပြောဆိုပါသည်။ အာဒံနှင့်ဧဝတို့နှစ်ဦးအပြစ်ပြုလုပ်ပြီးသောအခါ ထာဝရဘုရားသခင်လာရောက်လည်ပတ်ရာလူသားနှစ်ဦး မည်ကဲ့သို့ပြုလုပ်ပါသနည်း။ "နေအေးသောအချိန်တွင် ထိုဥယျာဉ်၌ ထာဝရဘုရားသခင်ကြွတော်မူသောအသံကို လူလင်မယားတို့သည်ကြားလျှင် အထံတော်မှလွတ်ခြင်းငှါ ဥယျာဉ်တော်အပင်တို့တွင်ပုန်းကွယ်လျက်နေကြ၏။" (ကမ္ဘာဦး ၃း၈)။ အပြစ်သည် ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်ရန်ပြတ်တောက်စေသည်။ အပြစ်လောကသို့ ရောက်ရှိပြီးသည့်နောက်ပိုင်းတွင် ထာဝရဘုရားသခင်သည် လူနှင့်မည်ကဲ့သို့ဆက်သွယ်ပါသနည်း။ "အကယ်စင်စစ် ထာဝရဘုရားသခင်သည် မိမိကျွန်ပုရောဖက်တို့အားမဖေါ်မပြဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ။" (အာမုတ် ၃း၇)။

ထာဝရဘုရားသခင်သည် အသက်တာနှင့်အသက်တာ၏အဓိပ္ပါယ်ကို ဘယ်တော့မှမှောင်ချမထားပါ။ သူ၏ပုရောဖက်တို့အား သူခေါ်ယူသူတို့အား သူပြောဆိုစေ၍လည်းကောင်း၊ ရေးသားစေခြင်းအားဖြင့်လည်းကောင်း အသက်တာတွင်အကြီးဆုံးသောမေးခွန်းများကိုဖေါ်ပြဖြေကြားပေးခဲ့ပါသည်။

## ၂။ သမ္မာကျမ်းစာကိုအဘယ်သူရေးသားပါသနည်း

ပုရောဖက်တို့သည် ထာဝရဘုရားသခင်၏သတင်းစကားများတို့အသံဖြင့်လည်းကောင်း၊ ကလောင်အားဖြင့်လည်းကောင်း သူတို့အသက်ရှင်စဉ်တွင်ရေးသားဖေါ်ပြခဲ့၍ သူတို့သေဆုံးသွားသောအခါ ရေးသားခဲ့သောစာပေများတို့သည်ဆက်လက်တည်ရှိခဲ့ပါသည်။ ထိုပုရောဖက်များတို့၏စာပေများကိုစုပေါင်းကာ ထာဝရဘုရား၏ဦးဆောင်ခြင်းဖြင့် ကျမ်းစာဟုခေါ်ဆိုသောစာအုပ်ကြီးတစ်အုပ်ဖြစ်စေခဲ့ပါသည်။ ဤရေးသားချက်များတို့သည် မည်မျှစိတ်ချအားထားနိုင်ပါသနည်း။ "ကျမ်းစာ၌ပါသောအနာဂတ္တိစကားများသည်ကား ကိုယ်အလိုအလျောက်အနက်မပေါ်ဟု ရှေးဦးစွာသိမှတ်ကြလော့။ အကြောင်းမူကား အနာဂတ္တိစကားသည် လူ့အလိုအားဖြင့်ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။" (၂ပေ ၁း၂၀၊ ၂၁)။

သမ္မာကျမ်းစာကိုရေးသားသောသူများတို့သည် သူတို့ဆန္ဒသူတို့သဘောထားအတိုင်းမဟုတ်ဘဲ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းနှိုးဆော်ချက်အရ ရေးသားရခြင်းဖြစ်သည်။ သမ္မာကျမ်းစာတော်မြတ်သည် ထာဝရဘုရားသခင်၏စာအုပ်ကြီးဖြစ်တော်မူ၏။ သမ္မာကျမ်းစာတော်မြတ်၌ ထာဝရဘုရားသခင်သည် မိမိအကြောင်းနှင့်လူသားများတို့အား မိမိအကြံအစည်တော်များကိုဖေါ်ပြထားသည်။ ထာဝရဘုရားသခင်သည် အတိတ်၏မြင်ကွင်းကိုလည်းကောင်း၊ အနာဂတ်၏အကြောင်းအရာကိုဖွင့်ပြခြင်းအားဖြင့်လည်းကောင်း နတ်ဆိုး၏ပြဿနာနှင့်အခက်အခဲများကိုဖြေရှင်း၍ ကမ္ဘာကြီးအပေါ်ငြိမ်းချမ်းသာယာမှုရရှိမည်အကြောင်းပြောပြထားသည်။

သမ္မာကျမ်းစာတော်မြတ်ရှိသတင်းစကားများတို့သည် ထာဝရဘုရားသခင်ထံမှလာပါသည်။ "ထိုကျမ်းစာ ရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည့်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖေါ်ပြခြင်း၊ ဖြောင့်မတ်စွာပြုခြင်း၊ တရားကိုသွန်သင်ခြင်း၊ ကျေးဇူးများကိုပြတတ်၏။" (၂တိမောသေ ၃း၁၆၊ ၁၇)။

သန့်ရှင်းသောကျမ်းစာတော်မြတ်သည် ဘုရားသခင်မှုတ်သွင်း၍ တိုက်တွန်းနှိုးဆော်သောထာဝရဘုရားသခင်၏စာအုပ်ဖြစ်သောကြောင့် လူများတို့၏စိတ်ကိုထူးချွန်စွာထိတွေ့စေသည်။ ပုရောဖက်များသည် လူတို့မြင်သမျှနှင့်ခံစားရသမျှအရာများကိုလူဘာသာစကားအားဖြင့်ကြားပြောကြ၍ တရားသတင်းစကားများတို့သည် ထာဝရဘုရားသခင်ထံမှတိုက်ရိုက်ရောက်ရှိလာပြီး လူ့အသက်တာနှင့်အကြောင်းအရာများသိရှိလိုပါက သမ္မာကျမ်းစာကိုဖတ်ပါ။

ကျမ်းစာကိုဖတ်ရှုခြင်းဖြင့် သင်၏အသက်တာသည်ပြောင်းလဲလာပါမည်။ ဆုတောင်းခြင်းဖြင့်သေချာစွာလေ့လာပါက ပို၍စိတ်သက်သာခြင်း၊ ငြိမ်သက်ခြင်းကိုရလာပါမည်။ ပုရောဖက်များနှင့်သမ္မာကျမ်းစာရေးသူများတို့သည် ထိုသန့်ရှင်းသောဝိညာဉ်တော်ကမစပို့ဆောင်သကဲ့သို့ ကျမ်းစာသင်ပေးသူများ၊ ဧဝံဂေလိတရားဟောကြားသူများတို့၏စိတ်များစွာတို့ကိုပြုပြင်ပြောင်းလဲပေးနိုင်သောကြောင့် ထိုဝိညာဉ်တော်၏မစကူညီခြင်းကိုတောင်းဆိုပါ။

## ၃။ သမ္မာကျမ်းစာနှင့်ကျမ်းစကားတို့သည်တညီတညွတ်တည်းဖြစ်၏

သမ္မာကျမ်းစာတော်မြတ်တွင် ကျမ်းပေါင်း (၆၆) အုပ်ရှိပါသည်။ ကျမ်း (၃၉) အုပ်မှာဓမ္မဟောင်းကျမ်းဖြစ်၍ ၁၄၅၀ ဘီစီနှင့် ၄၀၀ ဘီစီအတွင်းတွင်ရေးထားခဲ့ပါသည်။ ကျမ်း (၂၇) ကျမ်းမှာဓမ္မသစ်ကျမ်းဖြစ်၍ အေဒီ (၅၀) မှအေဒီ (၁၀၀) အတွင်းရေးသားခဲ့ပါသည်။ ပုရောဖက်ကြီးဖြစ်သောမောရှေသည် ပထမကျမ်း (၅) စောင်ကို ဘီစီ ၁၄၀၀ မတိုင်မီကရေးသားထားခဲ့ပါသည်။ တမန်တော်ယောဟန်သည် ဗျာဒိတ်ကျမ်းစာနောက်ဆုံးကျမ်းကို အေဒီ (၉၅) အတွင်းရေးသားပြီးစီးခဲ့ပါသည်။ နှစ်ပေါင်း ၁၅၀၀ အချိန်အတွင်းသမ္မာကျမ်းစာကိုလူပေါင်း ၃၈ ဦး၊ သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းခြင်းခံရသောပုရောဖက်များရေးခဲ့ပါသည်။ လုပ်ငန်းအရအချို့တို့သည် စီးပွားရေးသမားများ၊ အချို့တို့သည်သိုးထိန်းများ၊ အချို့တို့သည်တံငါသည်များ၊ အချို့တို့သည်စစ်သူရဲများ၊ အချို့တို့သည်ဆရာဝန်များ၊ အချို့တို့သည်တရားဟောဆရာများ၊ အချို့တို့သည်မင်းများလူပေါင်းအလွှာစုံမှပါဝင်ခဲ့ပါသည်။ အချိန်အခါကာလကွာခြားခဲ့သလို ယဉ်ကျေးမှုတွင်သော်လည်းကောင်း၊ အတွေးအခေါ်ပညာအခြေခံနှင့်ကွာခြားမှုများကြားတွင်သော်လည်းကောင်း ရေးသားရခြင်းဖြစ်သည်။

ထူးဆန်းလှသောအံ့ဩစရာအချက်တစ်ခုမှာ ထို (၆၆) ကျမ်းတွင်အခန်းပေါင်း ၁၁၈၉ ခန်းပါရှိ၍ အခန်းငယ်ပေါင်း ၃၁၁၇၃ ခန်းပေါင်းစပ်ထားသော်လည်း သတင်းပေးပို့သောနေရာတွင်သော်လည်းကောင်း၊ သွန်သင်သောနေရာတွင်သော်လည်းကောင်း ညီညွတ်စပ်ဟပ်နေကြောင်းသိရသည်။

ဆိုကြပါစို့၊ လူတစ်ယောက်သည် သခင်၏အိမ်သို့လာ၍ ကြွေသားတစ်စကိုပေးခဲ့၏။ ၎င်းနောက် ဘာမျှမပြောဘဲထွက်သွား၏။ အလားတူလူပေါင်း ၄၀ တို့သည်မိမိတို့ယူခဲ့သောမှတ်သားထားသည့်ကြွေစများကိုစုစည်းပေါင်းစပ်လိုက်သော်၊ အလွန်လှပသောကြွေရုပ်တစ်ခုဖြစ်လာတော့သည်။ လူပေါင်း ၄၀ ထဲမှနောက်ဆုံးယူလည်းထွက်သွားပြီး ကြွေရုပ်သည်လည်းအလွန်လှပ၏။ ပန်းပုဆရာများတို့သည်လည်း တစ်ဦးကိုတစ်ဦးမသိခဲ့ကြပေ။ သူတို့တစ်ဦးစီနေရာများကွာခြားဝေးလံလှ၏။ အချို့တို့သည် တောင်အမေရိက၊ ရုရှား၊ အာဖရိက၊ တရုတ်နှင့် အခြားသောရေမြေများမှဖြစ်သည်။ ကျွန်တော်တို့မည်ကဲ့သို့ဆုံးဖြတ်မည်နည်း။ တစ်ဦးသောပုဂ္ဂိုလ်သည် ဤပန်းပု၏ အပိုင်းအစများကို လူပေါင်း ၄၀ တို့အားပေး၍ နေရာရပ်ခြားနှင့်ကာလအပိုင်းအခြားအားဖြင့်ကွာခြားခဲ့သော်လည်း တစ်ဦးတည်းသောသူ၏စီရင်မှုကြောင့်သာဖြစ်လာနိုင်ကြောင်းသိရှိနားလည်ရပါသည်။ သမ္မာကျမ်းစာတော်မြတ်သည် ညီညွတ်စပ်ဟပ်သောအတွေးအခေါ်သဘောတရားများပေးနိုင်ပါသည်။ ပုဂ္ဂိုလ်တစ်ဦး၏ကြံစည်ပြုပြင်မှုသာဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်သည် ထာဝရဘုရားသခင်ပေတည်း။ ထို့ကြောင့် ကျမ်းစာတော်မြတ်၏ညီညွတ်လျော်ညီမှုများတို့သည် လူသားများရေးခဲ့သော်လည်း ဘုရားသခင်မှုတ်သွင်းသောဝိညာဉ်တော်ကြောင့် တညီတညွတ်တည်းရှိကြောင်းသိရပါသည်။

## ၄။ သင်သည်သမ္မာကျမ်းစာကိုယုံကြည်ကိုးစားနိုင်သည်

(၁) သမ္မာကျမ်းစာကိုထိန်းသိမ်းထားနိုင်ခြင်းသည် အံ့ဩစရာပင်ဖြစ်သည်။ ပုံနှိပ်စက်မရှိမီ ကျမ်းများတို့ကိုလက်ဖြင့်ရေးသားခဲ့သည်။ စာရေးဆရာများတို့သည် မူရင်းစာသားများတို့ကိုရေးကူး၍ ဝေငှခဲ့ပါသည်။

ဤကဲ့သို့အားဖြင့် ကျမ်းအုပ်ငယ်ပေါင်းထောင်ပေါင်းများစွာကျန်ခဲ့ပါသည်။ ခရစ်နှစ်မတိုင်မီ နှစ်ပေါင်း ၁၅၀၊ ၂၀၀ ခန့်ကဟေဗြဲဘာသာဖြင့်ရေးသားခဲ့သောဓမ္မဟောင်းကျမ်းများတို့ကို ၁၉၄၇ ခုနှစ်ကပင် ပင်လယ်သေအနီးတွင်ရှာဖွေတွေ့ရှိခဲ့ရာ ထိုစဉ်ကရေးသားခဲ့သောစာသားများသည် ယခုလက်ရှိစာသားများနှင့် တစ်ထပ်တည်း၊ တစ်သားတည်းတူညီခဲ့ပါသည်။ ဤသက်သေသာဓကများက ထာဝရဘုရားသခင်၏ နှုတ်တော်ထွက်စကားတော်ဖြစ်ကြောင်းပြသထားပါသည်။ ဓမ္မသစ်ကျမ်းတို့ကိုရေးသားသောတမန်တော်များတို့သည် ခရစ်ယာန်အသင်းတော်သို့ ခရစ်တော်ဘုရားသခင်အသက်စွန့်၍ ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်းတွင်သာ ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။ ထိုမှတ်တမ်းစာသားပေါင်း ၄၅၀၀ တို့သည် ဓမ္မသစ်ကျမ်းတစ်စိတ်တစ်ဒေသဖြစ်၍ ဥရောပတိုင်းပြည်များနှင့် အမေရိကတိုင်းပြည်ရှိစာဖတ်ခန်းများတွင်တွေ့ရှိနိုင်ပါသည်။ အချို့သောကျမ်းစာများတို့သည် ဒုတိယနှစ်ရာစုတွင်ရေးသားခဲ့ရာ ယခုခေတ်ကာလရှိဓမ္မသစ်ကျမ်းစာများနှင့် အတူတူပင်ဖြစ်၍ စာမူပြောင်းလဲမှုမရှိပါ။ ယခုခေတ်အချိန်အခါတွင် ဘာသာပေါင်း ၂၀၆၀ ခန့်ပြန်ဆိုထားကြောင်းသိရှိခဲ့ရပါသည်။ ကမ္ဘာပေါ်တွင်အရောင်းရဆုံးစာအုပ်ဖြစ်သည်။ တစ်နှစ်လျှင်ကျမ်းစာအုပ်အစုံ၊ ဓမ္မဟောင်း၊ ဓမ္မသစ်နှစ်စောင်စီရေးထားသောစာအုပ်ပေါင်းသန်းတစ်ရာ့ငါးဆယ်ရှိပါသည်။

(၂) ရာဇဝင်အရဖော်ပြထားသောကျမ်းစာသည် တိကျမှန်ကန်၍ ထူးဆန်းလှပါသည်။ ရှေးဟောင်းသုတေသီများ၏ရှာဖွေချက်များထူးဆန်းနက်နဲစွာမှန်ကန်ကြောင်းသက်သေသာဓကများဖြင့်ပြသခဲ့ပါသည်။ ရာဇဝင်ဆရာကြီးများကိုယ်တိုင်လည်း မြေသားကျောက်ပြားများပေါ်တွင်ရေးသားထားသောစာများကိုဖတ်ရှုလေ့လာသောအခါ အမည်နှင့်နေရာများမှာကျမ်းစာတွင်ပါသောအမည်၊ နေရာနှင့်တူညီမှန်ကန်ကြောင်း ပိုမိုထင်ရှားစွာသိရှိခဲ့ရပါသည်။
လက်တွေ့ပြရလျှင် "သူတို့သည်ခါနာန်ပြည်သို့သွားခြင်းငှါ ခါလဒဲပြည်သားတို့နေသောဥရမြို့မှထွက်သဖြင့် ခါရန်မြို့သို့ရောက်၍နေကြ၏။" (ကမ္ဘာ ၁၁:၃၁)။ အချို့သောကျမ်းတတ်ဆရာများတို့သည် သမ္မာကျမ်းစာတွင်ဖော်ပြသောဥရမြို့ရှိခဲ့ကြောင်းကိုမယုံကြည်ကြပါ။ နောက်ပိုင်းတွင် ရှေးဟောင်းသုတေသနများတို့သည် အီရတ်တိုင်းပြည်တောင်ပိုင်းတွင် ရှေးဟောင်းစာဖြင့် ရေးသားထားသောကျောက်စာတစ်ခုကို ဖတ်ခဲ့ရာ ဥရအမည်ဖြင့်တိုးတက်ကျော်ကြားသောအဆင့်မြင့်မားသည့်မြို့ကြီးတစ်မြို့ဟုရေးသားဖော်ပြထားကြောင်း သိရှိခဲ့ရပါသည်။ မြို့ပုံနှင့်အနေအထားကိုတိကျသေချာစွာမသိခဲ့ရသော်လည်း ကျမ်းစာတွင်အမည်နာမကို တိကျသေချာစွာဖော်ပြထားပါသည်။ ဥရမြို့သည် မြောက်မြားစွာသောအကြောင်းအရာထဲမှ တစ်ချက်ကိုသာ ဖော်ပြထားပါသည်။

(၃) ကျမ်းစာ၏အနာဂတ်အဖြစ်အပျက်များပြည့်စုံမှန်ကန်လာသောကြောင့် ယုံကြည်နိုင်ပါသည်။ ကျမ်းတွင်အနာဂတ်စကားဟောထားခဲ့ရာ ပြည့်စုံမှန်ကန်လာခဲ့ကြောင်း မျက်မြင်သာဓကများရှိခဲ့ပါသည်။ ဤအနာဂတ်စကားများအကြောင်းကို လာမည့်သင်ခန်းစာများတွင်ဆက်လက်သင်ကြားပါမည်။

## ၅။ သမ္မာကျမ်းစာကိုမည်ကဲ့သို့နားလည်ရပါမည်နည်း

ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုလေ့လာစဉ် အောက်ပါအချက်များကိုသတိပြုပါ။

(၁) ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဆုတောင်းခြင်းဖြင့်လေ့လာပါ။ ကိုယ်စိတ်နှစ်ဖြာဖြင့် ကျမ်းစာလေ့လာသောအခါ ဆုတောင်းခြင်းဖြင့်သာ အသိတရားပွင့်လင်းလာပါမည်။ ခရစ်တော်ဘုရားသခင်နှင့်ကိုယ်တိုင်ဆက်သွယ်သလိုဖြစ်လာပါမည်။ (ယောဟန် ၁၆:၁၃၊ ၁၄)။

(၂) ကျမ်းစာကိုနေ့စဉ်လေ့လာပါ။ ကျမ်းစာကိုနေ့စဉ်လေ့လာခြင်းဖြင့် တန်ခိုးစွမ်းအားရရှိနိုင်သည်။ ထာဝရဘုရားသခင်၏စိတ်သဘောတော်နှင့်တွေ့ထိလာပါမည်။ (ရောမ ၁း၁၆)။

(၃) ကျမ်းစာတော်မြတ်ကိုဖတ်သောအခါ ကျမ်းစာဖော်ပြသည့်အတိုင်းလက်ခံပါ။ မေးခွန်းထုတ်လျှင်လည်း ကျမ်းစာပြုစုသူဆိုလိုချက်၊ ကျမ်းဆိုလိုချက်ကိုနားလည်ခြင်းဖြင့် မိမိအသက်တာအတွက် ယနေ့အသုံးပြုနိုင်ကြောင်းနားလည်လာမည်။

(၄) ကျမ်းစာကိုလေ့လာသောအခါ ခေါင်းစဉ်တစ်ခုဖြင့်သာလေ့လာပါ။ ခရစ်တော်ဘုရားသခင်ကိုယ်တိုင်ကျမ်းချက်များနှိုင်းယှဉ်ပြပါသည်။ မိမိသည်မေရှိယဖြစ်ကြောင်းပြသည်။ “ထိုအခါ မောရှေ၏ကျမ်းမှစ၍ ပုရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသောကျမ်းစာချက်အနက်ကိုရှင်းလင်းစွာဖော်ပြတော်မူ၏” (လုကာ ၂၄း၂၇)။ ကျမ်းစာမှဖော်ပြထားသောပူးတွဲနှိုင်းယှဉ်ချက်များဖြင့် ဆိုလိုရင်းအချက်များကိုသိရှိနားလည်နိုင်ပါသည်။

(၅) ကျမ်းစာလေ့လာခြင်းဖြင့် ခရစ်တော်အတွက်အသက်ရှင်နိုင်ရန် တန်ခိုးခွန်အားရရှိမည်။ ဟေဗြဲ ၄း၁၂ တွင်ဖော်ပြချက်အရ နှုတ်ထွက်စကားတော်သည် ပြတ်သောသံလျက်နှစ်ဖက်သွားနှင့်တူ၏။ နှုတ်ထွက်စကားတော်သည် စာအုပ်တွင်းရှိစာသားထက်သာမက အပြစ်ဖြေစေရန် သွေးဆောင်ခြင်းကိုတိုက်ခိုက်နိုင်သောလက်နက်ဖြစ်သည်။

(၆) ထာဝရဘုရားသခင်သည် နှုတ်ထွက်စကားတော်အားဖြင့် သင့်အားပြောဆိုသံကိုနားထောင်ပါသည်။ ကျမ်းစာမှအမှန်တရားအချက်တစ်ခုကိုနားလည်ရန် ကျမ်းမှသွန်သင်ထားသောအချက်ကိုလက်ခံနားထောင်ရပါမည်။ (ယောဟန် ၇း၁၇)။ ကိုယ်တိုင်ထင်မြင်သည့်အတိုင်းနှင့် အသင်းတော်အချို့မှသွန်သင်ထားသည့်အတိုင်း ယုံကြည်လက်ခံထားသည့်အတိုင်းမဖြစ်ရ။

## ၆။ ကျမ်းစာတော်မြတ်သည် သင်၏အသက်တာကိုပြောင်းလဲပေးနိုင်သည်

“နှုတ်ထွက်စကားတော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍ မလိမ္မာသောသူကိုလိမ္မာစေတတ်၏” (ဆာလံ ၁၁၉း၁၃၀)။

ကျမ်းစာလေ့လာခြင်းဖြင့် နားလည်နိုင်သောအစွမ်းတန်ခိုးရ၍ ပျက်စီးစေသောအကျင့်ဓလေ့များကိုအောင်နိုင်ရန် ခွန်အားတန်ခိုးရရှိမည်။ ကိုယ်ကာယခွန်အား၊ စိတ်ဓါတ်ခွန်အား၊ ကောင်းမှုခွန်အားနှင့် ဝိညာဉ်ခွန်အားကိုပါရရှိနိုင်သည်။

ကျမ်းစာသည်နှလုံးကိုသွန်သင်သည်။ လူဇာတိ၏ဗဟုသုတများဖြစ်သောမွေးဖွားခြင်း၊ မေတ္တာတရား၊ အိမ်ထောင်ပြုခြင်း၊ မိဘအကြောင်း၊ သေခြင်းတရားများကိုပြသသွန်သင်ထားသည်။ ကျမ်းစာသည်အပြစ်ကြောင့် ဘဝပျက်စီးခြင်းကိုပြန်လည်ပြုပြင်ပြောင်းလဲပေးနိုင်သည်။

နှုတ်ထွက်ကျမ်းစာတော်မြတ်သည် လူတစ်မျိုးအတွက်မဟုတ်၊ တစ်သက်တာအတွက်မဟုတ်၊ တစ်နိုင်ငံအတွက်မဟုတ်၊ ယဉ်ကျေးမှုတစ်မျိုးအတွက်မဟုတ်။ သမ္မာကျမ်းစာတော်မြတ်သည် အရှေ့ဖျားဒေသတွင်ရေးသားခဲ့သော်လည်း အနောက်နိုင်ငံသားများအတွက်လည်းပါဝင်ပတ်သက်ပါသည်။ တဲအိုပျက်တွင်နေသောသူများအတွက်ဖြစ်သကဲ့သို့ သူဌေးသူကြွယ်များနှင့် နန်းတွင်းသူနန်းတွင်းသားများအတွက်လည်းပါဝင်သည်။ ကလေးလူငယ်များကျမ်းစာတွင်းရှိပုံပြင်များကိုနှစ်သက်သည်။ လူလတ်များကျမ်းတွင်းရှိသူရဲကောင်းများအကြောင်းကိုစိတ်ဝင်စားသည်။

ဖျားနာသူများ၊ အထီးတည်းကျန်ရစ်သူများ၊ သက်ကြီးရွယ်အိုများကျမ်းစာမှနှစ်သိမ့်ခြင်းနှင့် မျှော်လင့်ခြင်း၊ သာ၍ကောင်းသောအသက်တာဘဝလမ်းကြောင်းကိုဖေါ်ပြသည်။

ထာဝရဘုရားသခင်အသုံးပြုသောကျမ်းစာသည် တန်ခိုးခွန်အားနှင့်ပြည့်ဝလာသည်။ ထို့ကြောင့် ခိုင်မာလာသောနှလုံးသားခံစားချက်များကို ပျော့ပျောင်းနူးညံ့လာအောင်ပြုလုပ်ပေး၍ မေတ္တာတရားဖြည့်ပေးနိုင်သည်။ သမ္မာကျမ်းစာသည် သူခိုး၊ ခါးပြနှင့် မူးယစ်ဆေးဝါးသုံးစွဲသူကိုတရားဟောဆရာတစ်ဦးဖြစ်လာရန် ပြုပြင်လမ်းညွှန်ပေးနိုင်သည်။ လိမ်လည်လှည့်ဖြားသူတစ်ဦးကိုလည်း ဆရာသမားကောင်းတစ်ဦးကဲ့သို့ပြုပြင်ပေးနိုင်သည်။ သမ္မာကျမ်းစာတော်မြတ်သည် ကိုယ့်ကိုယ်ကိုသေကြောင်းကြံသူတစ်ဦးအား ဘဝတစ်သက်တာပြောင်းလဲပေးနိုင်သည်။ ရန်သူအချင်းချင်းပင်လျှင် သမ္မာကျမ်းစာအားဖြင့် တစ်ဦးအပေါ်တစ်ဦးမေတ္တာတရားမြင်လာနိုင်သည်။ ဝါကြွားသူကိုနှိမ့်ချခြင်းတရားပြသည်။ တစ်ကိုယ်ကောင်းစိတ်ရှိသူကို ဖေါ်ရွေရက်ရောမှုပေးသည်။ သမ္မာကျမ်းစာသည် ခွန်အားနည်းသူကိုခွန်အားပေးသည်။ ပျက်စီးစဉ် မျှော်လင့်ခြင်းကိုပေးသည်။ ဝမ်းနည်းလျှင် ဝမ်းမြောက်ခြင်းကိုပေးသည်။ မတိကျမရေရာသောအခါ သမ္မာကျမ်းစာသည် သွန်သင်လမ်းညွှန်ပေးသည်။ မောပန်းနေလျှင်လည်း ခွန်အားကိုဖြည့်ပေးသည်။ သေခြင်းတရားကိုလည်းမကြောက်လန့်ရန် သွန်သင်ပေးသည်။ ဘုရားသခင်၏ကျမ်းစာတော်မြတ်သည် သင်၏အသက်တာကိုပြောင်းလဲပေးနိုင်သည်။ "ရှာဖွေတွေ့ရှိခြင်း" လမ်းညွှန်ကိုလေ့လာသောအခါ ရှင်းလင်းစွာပိုမိုသိရှိလာပါမည်။ ကျမ်းစာသည်ကျွန်ုပ်တို့အတွက် ဘာကြောင့်ရေးထားရပါသလဲ။ ခရစ်တော်၏အဖြေမှာ– "ယေရှုသည်ခရစ်တော်တည်းဟူသောဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသတည်း" (ယောဟန် ၂၀း၃၁)။

သမ္မာတရားကိုသိရှိနားလည်ရသောအကြီးဆုံးအကြောင်းရင်းမှာ ခရစ်တော်ဘုရားသခင်နှင့် ထာဝရအသက်ရရှိနိုင်ကြောင်းသိရှိရသည်။ ကျမ်းစာတော်မြတ်အတွင်း၌ ခရစ်တော်ကိုတွေ့မြင်ရခြင်းဖြင့် လူ၏အကျင့်များ ပြောင်းလဲလာမည်။ ထို့ကြောင့် ထာဝရဘုရားသခင်၏တန်ခိုးပြည့်ဝသော သမ္မာကျမ်းစာလေ့လာခြင်းဖြင့် ခရစ်တော်ဘုရားသခင်၏အကျင့်များနှင့်ပိုမိုတူညီလာပါမည်။

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၂) အဖြေလွှာ
## ကျွန်ုပ်တို့သည်သမ္မာကျမ်းစာ၌ယုံကြည်စိတ်ချနိုင်သည်

ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၂) ကိုသေချာစွာပြန်ဖတ်၍ အမှန် (သို့မဟုတ်) အမှားအဖြေမှန်တစ်ခုကိုစက်ဝိုင်းခတ်ပါ။

၁။ မှန်–မှား ဤကမ္ဘာတွင်အပြစ်မရှိမီ ဘုရားသခင်သည် အာဒံနှင့်ဧဝကိုမျက်နှာချင်းဆိုင်စကားပြောသည်။

မှန်–မှား ကမ္ဘာတွင်အပြစ်ရောက်ရှိပြီးနောက် ဘုရားသခင်ကို ပုရောဖက်အားဖြင့်စကားပြောသည်။

၂။ မှန်–မှား ပုရောဖက်အားဖြင့်ပြောကြားသော ဘုရားသခင်၏တရားများကိုစုစည်းကာ စာအုပ်ပြုလုပ်၍ သမ္မာကျမ်းစာဟုခေါ်သည်။

မှန်–မှား သမ္မာကျမ်းစာပြုစုသောပုရောဖက်များတို့သည် ဘုရားသခင်၏ဝိညာဉ်တော်ခံစားရ၍သာဖြစ်၏။

မှန်–မှား ကျမ်းစာအချို့တစ်ဝက်သာ ဘုရားသခင်၏ဝိညာဉ်တော်ကိုခံစားရရှိသည်။

မှန်–မှား သမ္မာကျမ်းစာ၏တန်ခိုးခွန်အားမှာ ရှေးဟောင်းခေတ်ကရေးခဲ့သောကြောင့်ဖြစ်၏။

၃။ မှန်–မှား သမ္မာကျမ်းစာရေးသားပြုစုသောအချိန်မှာ အေဒီ ၂၀၀ မှ အေဒီ ၁၅၀၀ ကြားဖြစ်သည်။

မှန်–မှား သမ္မာကျမ်းစာ၏စုစည်းညီညွတ်မှုမှာ ပုရောဖက်အားလုံးတို့အား ဘုရားသခင်၏ဝိညာဉ်တော်ပေး၍ ရေးသားသောကြောင့်ဖြစ်၏။

၄။ မှန်–မှား သမ္မာကျမ်းစာဓမ္မဝင်မှာတိကျသေချာမှုမရှိပါ။

မှန်–မှား သမ္မာကျမ်း၌ပြည့်စုံလာသောအနာဂတ်စကားများသည် ကျမ်း၏မှန်ကန်ကြောင်းပြသည်။

ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၂) စာပိုဒ် (၅) ကိုပြန်ဖတ်၍ မှန်သောဝါကျရှေ့တွင်ကြက်ခြေခတ် **(x)** ပေးပါ။

၅။ ------- ကျမ်းစာကိုနားလည်နိုင်ရန် ဆုတောင်းခြင်းဖြင့်လေ့လာရမည်။

------- ကျမ်း၏အချက်တစ်ခုကို အခြားကျမ်းဖေါ်ပြထားသောအချက်များနှင့်နှိုင်းယှဉ်လေ့လာမှသာလျှင် လျော်ညီသောအမြင်ရရှိပါမည်။

------- ကျမ်းစာကိုလေ့လာသောအခါ အခြားကျမ်းများ၏ရှင်းပြချက်ကိုလက်ခံရမည်။

------- နှုတ်ထွက်စကားတော်လေ့လာခြင်းဖြင့်သာ အပြစ်နှင့်သွေးဆောင်ခြင်းကိုခုခံကာကွယ်နိုင်မည်။

------- မိမိယုံကြည်ခြင်းသည် ကျမ်းစာကိုဆန့်ကျင်သော်လည်း စွဲမြဲစွာကိုင်ထားရသည်။

**စဉ်းစားရန်မေးခွန်း**

သမ္မာကျမ်းစာသည် လူ၏အသက်တာအတွက် ဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ခြင်း၊ လမ်းညွှန်မှု၊ ကယ်တင်ခြင်းနှင့် ခရစ်တော်အားဖြင့် ထာဝရအသက်ရနိုင်သောကြောင့် သင်သည်အသစ်သောအသက်တာအတွက် ကျမ်းစာလေ့လာခြင်းဖြင့် ရှာဖွေလိုပါသလား။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**---------------------------------

**နယ်**-------------------------------

**ကိုးကွယ်သည့်ဘာသာ**--------------------

စိတ္တသုခရှာဖွေခြင်း (၂)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၃၅၅/၂၀၀၃ (၆)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)